# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 18, 2020 Volume 32, Number 14


**၁၈.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၅၀၀ |
| ဒေါ်လာဈေး | = ၁၄၀၀/- ကျပ် |
| CBM Rate | = ၁၃၉၈.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၉.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၆.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၄.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၉၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဘဏ်ချေးငွေနှင့်အတိုးနှုန်းများပေးဆပ်ခြင်း ယာယီဆိုင်းငံ့ပေးမည့်အစီအစဉ်များကို ဗဟိုဘဏ်ခွင့်ပြု




ဘဏ်ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့်ပတ်သက်၍ ချေးငွေပေးဆပ်ရမည့်ကာလနှင့် အတိုးနှုန်းများ ပြန်လည် သတ်မှတ်စီစဉ်ခြင်းများကို ဘဏ်များအဖြင့် လုပ်ဆောင်နိုင်ရန် ခွင့်ပြုပေးထားကြောင်း ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက မြန်မာ တိုင်း(မ်)သို့ပြောသည်။

ကိုဗစ်ရောဂါဖြစ်ပွားနေစဉ်ကာလတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဘဏ်များမှ ရယူထားသောချေးငွေများအား ပုံမှန်အတိုင်း အရင်းနှင့်အတိုးနှုန်းများ ပြန်လည်ပေးဆပ်နိုင်ရန် အခက်အခဲများရှိကြသည်။ ထို့ကြောင့် ဘဏ်များအနေဖြင့် ချေးငွေပြန်လည်ပေးဆပ်ခြင်းအစီအစဉ်များနှင့်ပတ်သက်၍ပြုလုပ်မည့် ဖြေလျှော့သော အစီအစဉ်များကို ဗဟိုဘဏ်က ခွင့်ပြုပေးခြင်းဖြစ်သည်။ " အခုဆိုရင် တခြားနိုင်ငံတွေက ပြည်ပဗဟိုဘဏ်တချို့က ဆိုရင် ဘဏ်ချေးငွေပြန်လည်ပေးဆပ်ခြင်း နဲ့ ပတ်သက်ပြီး ဆိုင်းငံ့ကာလဘယ်လောက်သတ်မှတ်လိုက်တယ်ဆိုတဲ့ ပုံမျိုးနဲ့ ညွှန်ကြားတာရှိပါတယ်။ ဒီမှာက ဘဏ်တွေရဲ့ ခိုင်မာမှုပိုင်းအတွက်လည်း အရေးကြီးတဲ့အတွက် ဗဟိုဘဏ်က ဘဏ်ချေးငွေပြန်လည် ပေးဆပ်ခြင်းနဲ့ ပတ်သက်ပြီး ချေးငွေကာလဘယ်လောက်ကို ဆိုင်းငံ့ပေးလိုက်ပါဆိုတဲ့ သတ်မှတ်ချက်ပုံစံမျိုးနဲ့ ညွှန်ကြားထားတာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ ဘဏ်တွေအနေနဲ့ ကိုယ့်ရဲ့ Customer အပေါ်မူတည်ပြီး ချေးငွေကာလ ဆိုင်းငံ့ပေးတာမျိုးကို လုပ်မယ်ဆိုရင်တော့ ဗဟိုဘဏ်က ခွင့်ပြုပေးထားပါတယ်။ ကိုဗစ်ကာလမှာ ဘဏ်တွေအနေနဲ့ ချေးငွေပြန်လည်ပေးဆပ်ခြင်းနဲ့ပတ်သက်ပြီး ဖြေလျှော့ဆောင်ရွက်တဲ့အစီအစဉ်တွေကို ဗဟိုဘဏ်ကိုတင်ပြရင် ဗဟိုဘဏ်ကတော့ ခွင့်ပြုပေးပါတယ် " ဟု ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းကပြောသည်။

ဘဏ်များအနေဖြင့် မိမိကိုယ်ပိုင်အစီအစဉ်ဖြင့် ဘဏ်ချေးငွေနှင့်အတိုးနှုန်းများ ပေးဆပ်ခြင်း ဖြေလျှော့မည့် အစီအစဉ်များကို သတ်မှတ်ဆောင်ရွက်နိုင်သည်။ ကိုဗစ်ကာလတွင် လုပ်ငန်းများမှ ပေးဆပ်ရမည့်ချေးငွေကို ဘဏ်များက အချိန်အတိုင်း အတာတစ်ခုအထိ ဆိုင်းငံ့ပေးခြင်းကြောင့် လုပ်ငန်းများ ဆက်လက်လည်ပတ် နိုင်ရေး အတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ "လက်ရှိလုပ်ငန်းလည်ပတ်ငွေတွေကို ချေးငွေပြန်ဆပ်ရမည့်အစား လုပ်ငန်းလည်ပတ်ဖို့သုံးနိုင်တဲ့အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းတွေအနေနဲ့ အခုလိုအကျပ်အတည်းဖြစ်နေတဲ့ကာလမှာ ရှင်သန်ရပ်တည်

နိုင်ဖို့အတွက် အခွင့်အလမ်းကောင်းတွေရလာမှာပါ" ဟု ကမ္ဘောဇဘဏ်မှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင် ကပြောသည်။

လက်ရှိတွင် ဘဏ်အချို့သည် ပြီးခဲ့သည့်နှစ်များအတွင်း ချေးငွေနှင့်အတိုးနှုန်းပုံမှန်ပေးဆပ်ခဲ့သည့် လုပ်ငန်းများအတွက် ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့်ပတ်သက်၍ ဖြေလျှော့ပေးသောအစီအစဉ်များကို လုပ်ဆောင်နေကြောင်း ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းကပြောသည်။ ကမ္ဘောဇဘဏ်သည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ပေးဆပ်ရမည့်အတိုးနှင့် အရင်းများကို ၆ လ ဆိုင်းငံ့ပေး၍ လုပ်ငန်းများအားထောက်ပံ့ပေးမည့် အစီအစဉ်များကို ကြေညာထားသည်။ စီဘီဘဏ်ကလည်း ချေးငွေအရင်းနှင့်အတိုးပေးဆပ်ခြင်းကို ယာယီဆိုင်းငံ့ပေးသောအစီအစဉ်များကို ပြုလုပ်ထားသည်။

**Source:** https://myanmar.mmtimes.com/news/140383.html

## တရုတ်နိုင်ငံက သတ်မှတ်ပေးထားသော အစားထိုးယာဉ်မောင်းဖြင့် ဝင်ထွက်ခွင့်မူဝါဒကြောင့် မူဆယ်မြို့နှင့်တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တို့တွင် ကုန်တင်ကားကြီးများ ရက်ရှည်တန်းစီစောင့်ဆိုင်းနေရပြီး ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာနေ



တရုတ်နိုင်ငံက COVID-19 ရောဂါ ကာလအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်စည်ပို့ဆောင်ရေးတွင် တရုတ်နိုင်ငံက သတ်မှတ်ပေးထားသော အစားထိုးယာဉ်မောင်းဖြင့် ဝင်ထွက်ခွင့်မူဝါဒကြောင့် မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တို့တွင် ကုန်တင်ကားကြီးများ ရက်ရှည်တန်းစီ စောင့်ဆိုင်းနေခြင်းကြောင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးကြန့်ကြာနေရကြောင်း သိရသည်။

အဆိုပါကုန်စည်ပို့ဆောင်ရေး နှောင့်နှေးကြန့်ကြာနေခြင်းသည် တရုတ်နိုင်ငံက ချမှတ်ထားသော အစားထိုး ယာဉ်မောင်းများမလုံလောက်ခြင်းကြောင့် မူဆယ် ၁၀၅ မိုင်အတွင်း ၁၀ ရက်မှ ၁၂ ရက်အထိ တန်းစီစောင့်ဆိုင်းနေရပြီး တရုတ်နိုင်ငံ ကျယ်ဂေါ် င်မြို့တွင် တစ်ပတ်မှ ၁၀ ရက်အတွင်း စောင့်ဆိုင်းနေရကြောင်းသိရသည်။ "ကုန်ကားတွေ ကြာမြင့်နေတဲ့ အဓိက အချက်ကတော့ လက်ရှိတရုတ်ပြည်ဘက်မှာ လက်ရှိကျင့်သုံးနေတဲ့မူဝါဒအနေအထားအရ အစားထိုးယာဉ်မောင်းနဲ့ တရုတ်ပြည်ထဲဝင်ရမယ်ဆိုတဲ့ မူဝါဒစတင် ကျင့်သုံးတဲ့အချိန်ကစပြီး ကားတွေပိုကျပ်လာတယ်။ ယခင်ကလည်း ဒီလို အရောင်းအဝယ်ကောင်းတဲ့ ပွင့်လင်းရာသီတွေမှာ နှစ်သစ်ကူးပြီး ပွင့်လင်းရာသီမှာ အရောင်းအဝယ် ကောင်းကြပါတယ်။ အလုပ်အကိုင်တွေလည်း ကောင်းကြပါတယ်။ ကုန်စည် အတက်အဆင်းလည်း များပါတယ်။ ဒီနှစ်သစ်ကူးရက်မှာ တစ်လပိုင်း ၂၃ ရက်က စပြီးတော့ ကိုရိုနာဗိုင်းရပ်စ်ဆိုပြီး တရုတ်ပြည်မှာ စဖြစ်တယ်ပေါ့။ သုံးလပိုင်းထဲမှာ ကျွန်တော်တို့တိုင်းပြည်မှာ တစ်ယောက်တွေ့တယ်။ ကျွန်တော်တို့တိုင်းပြည်မှာ တွေ့လိုက်ပြီးနောက်ပိုင်း လေးလပိုင်း ၅ ရက်ကစပြီး အစားထိုး ယာဉ်မောင်းနဲ့ ဝင်ရမယ်ဆိုပြီးစလုပ်တယ်။ စလုပ်တဲ့ အနေအထားကစပြီး ကားတွေကျပ်လာတယ်။ အခုဆို ကားတစ်စီးက ရန်ကုန်၊ မန္တလေးကနေ တက်လာမယ်ဆိုရင် ၁၀၅ မိုင်ကနေ မူဆယ်မန်းဝန်းပေါက်ကိုရောက်ဖို့ ၁၀ ရက် ၁၂ ရက်လောက် အနည်းဆုံးကြာတယ်။ တရုတ်ပြည်ဘက်မှာကော ကားတွေတန်းစီနေတာ ငါးရက်၊ တစ်ပတ်လောက်ကြာတယ်။ ကားတွေက လမ်းမကြီးတွေကော လမ်းသွယ်တွေကော အကုန်ပြည့်နေတယ်။ တန်းစီနေကြတာ၊ တစ်ရက်ကို ထွက်နိုင်တဲ့အားက မမျှတဲ့အခါ ကျတော့ ကားတွေပိတ်ဆို့ပြီးတော့ ယာဉ်ကြောကျပ်တည်းမှုတွေဖြစ်နေတယ်"ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောကြားသည်။

"ကားကတန်းစီနေတယ်။ ကျယ်ဂေါင်ထဲမှာ ကားကများတယ်။ ကားမောင်းတဲ့လူကနည်းတယ်။ ကားမောင်းတဲ့သူက ကားလေးစီး၊ ငါးစီးကို လက်ခံထားတယ်ဆိုတော့၊ ဟိုကားသွားမောင်း၊ ဒီကားသွားမောင်းဆိုရင် ယာဉ်ထိန်းက တုံကင်ဝေတဲ့ အခါ ကိုယ့်ကားနားမှာ လူမရှိရင်လည်း တုံကင်မပေးသွားဘူး။ ကိုယ့်ကားက ထွက်လို့မရတော့ ကျန်ခဲ့တယ်။ ဒါက ဒရိုင်ဘာ

မလုံလောက်တဲ့ ပြဿနာပေါ့။ တရုတ်ကလာတဲ့ကုန်စည်တွေ ကိုဒေါင်ထဲမှာ ကြန့်ကြာနေပါတယ်ဟု ကျယ်ဂေါင်မြို့ ရွှေသရဖီကုန်ဂိတ်မှ ကိုအောင်မင်းကပြောကြားသည်။

အဆိုပါ တရုတ်နိုင်ငံက သတ်မှတ်ပေးထားသော အစားထိုးယာဉ်မောင်းဖြင့် ဝင်ထွက်ခွင့်မူဝါဒကြောင့် နှစ်နိုင်ငံဝင်ထွက်မှု ကုန်စည်ပို့ဆောင်ရေးတွင် ယာဉ်မောင်းမလုံလောက်ခြင်းကြောင့် မူဆယ်ဘက်ခြမ်းတွင် ကုန်ကားအစီးရေ ၈၀၀ ခန့် တန်းစီ စောင့်ဆိုင်းနေရကာ တရုတ်နိုင်ငံကျယ်ဂေါင်ဘက်ခြမ်းတွင် ကုန်ကားအစီးရေ ၅၀၀ ကျော် စောင့်ဆိုင်းနေရပြီး ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊ ပျောက်ရှခြင်းနှင့် ယာဉ်မတော်တဆမှုများပါ ကြုံတွေ့နေရကြောင်းသိရသည်။ "ကားက အစားထိုး ယာဉ်မောင်းနဲ့ မောင်းဝင်ရတာဖြစ်တဲ့အတွက် ရွှေလီဘက်ကို ကုန်သွားချတဲ့ကားက ပစ္စည်းပျက်စီးတာတွေ၊ ပစ္စည်းလျော့နည်း တာတွေရှိတယ်။ ကားခကောက်တဲ့ နေရာမှာကျတော့ ယာဉ်မောင်းက ပစ္စည်းချတဲ့နေရာမှာလည်း ပါမသွား ဘူး။ ကုန်သည်က ပစ္စည်းတွေ ရေစိုပျက်စီးတယ်၊ ပစ္စည်းတွေလျော့တယ်ဆိုပြီးတော့ပြောလာတော့ ဒီဘက်က ယာဉ်မောင်းက သူ့ရဲ့ တန်ဆာထဲမှာ နုတ်ခံလိုက်ရတယ်။ နောက်တစ်ချက်က အစားထိုးယာဉ်မောင်းတွေမောင်းတဲ့အတွက် တချို့က ကားအကြောင်း နားမလည် တာတွေလည်းရှိတယ်။ တချို့ကကားကို ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်တာတွေလည်းရှိတယ်။ အဲဒီမှာ ကားပျက်စီးတာ တွေရှိတယ်။ စက်ပိုင်းဆိုင်ရာ ပျက်စီးတာတွေရှိတယ်၊ ကားချင်းတိုက်မိတာတွေရှိတယ်။ တချို့ အမြင့်တင်ထားတဲ့ ပစ္စည်းတွေမှာ တရုတ်ပြည်ထဲက ဓာတ်ကြိုးတွေနဲ့ တိုက်မိတာတွေရှိတယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်နေတာအပြင် ယာဉ်တိုက်ခိုက်မှု တွေလည်း ဒီရက်ပိုင်းအတွင်း စိတ်စိတ်လေးကြားနေရတယ်" ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံက COVID-19 ရောဂါကာလအတွင်း နယ်စပ်ဂိတ်ပေါက်များ အဝင်အထွက်ကို တင်းကျပ်သော အစီအမံများပြုလုပ်ထားခြင်းကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးအပိုင်းတွင် ကုန်တင်ကုန်ချအလုပ်သမား မလုံလောက်မှု များပါ ကြုံတွေ့နေရပြီး ယခင်က ကုန်တင်ကုန်ချလုပ်အားခမှာ ကုန်တစ်တန်လျှင် ကျပ် ၄၀၀၀ ရှိရာမှ ယခုအခါ ကုန်တစ်တန်လျှင် ကျပ် ၁၀၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။ ယခင် COVID-19 မဖြစ်ပွားခင်ကာလ၌ မူဆယ် မန္တလေးကုန်တင်ကားခမှာ ၁၂ ဘီးကုန်တင်ယာဉ် တစ်စီးကို ခုနစ်သိန်းဝန်းကျင်နှင့် တွဲကား ၂၂ ဘီးကုန်တင်ယာဉ်တစ်စီးကို ၁၃ သိန်းနှင့် ၁၄ သိန်းကြားရှိခဲ့ရာမှ ယခုအခါ ကုန်တင်ကားခမှာ ၁၂ ဘီးကုန်တင် ယာဉ်တစ်စီးကို ၁၅ သိန်းနှင့် ၁၇ သိန်းကြား ပေးနေရပြီး တွဲကား ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီးကို ၂၈ သိန်းကြား ပေးရကြောင်းသိရသည်။ ထို့နည်းတူ မူဆယ်-ရန်ကုန် ကုန်တင်ကားခမှာ ၁၂ ဘီးယာဉ်တစ်စီးကို ၁၄ သိန်းဝန်းကျင်နှင့် တွဲကား ၂၂ ဘီးယာဉ် ကားခမှာ ၂၃ သိန်းနှင့် ၂၄ သိန်းကြား ရှိခဲ့ရာမှ ယခုအခါ ကုန်တင်ကားခမှ ၁၂ ဘီးကုန်တင်ယာဉ် တစ်စီးကို ၂၇ သိန်းပေးနေရပြီး တွဲကား ၂၂ ဘီး ကုန်တင်ယာဉ် ကားခမှာ ၃၈ သိန်း ပေးရကြောင်း သိရသည်။

၂၀၁၉ ခုနှစ် မေ ၁၅ ရက်မှစတင်၍ တရုတ်နိုင်ငံက နယ်စပ်ဝင်ထွက်ပေါက်များနှင့် နယ်စပ်ကုန်သွယ်ရေးအပေါ် အကြောင်း အမျိုးမျိုးပြကာ ဝင်ထွက်ဖြတ်သန်းချိန်လျှော့ချခြင်း၊ ၎င်းနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအတွက် မြန်မာထွက်ကုန်ပစ္စည်းများ ကန့်သတ်ပိတ်ပင်ခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်ပြောင်းတို့အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းများ ပြုလုပ်ခဲ့ သော်လည်း သဘာဝသယံဇာတကုန်ပစ္စည်းများကိုမူ ဆက်လက်ခွင့်ပြုလျက်ရှိသည်။

**Source:** https://news-eleven.com/article/178838

## COVID -19 ကာလအတွင်း အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် ၇၄၀၀ ကျော်ထုတ်ပေးခဲ့

COVID-19 ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ လည်ပတ်နိုင်စေရန် ပို့ကုန်သွင်း ကုန်လိုင်စင်များကို အွန်လိုင်း စနစ်ဖြင့် ထုတ်ပေးခဲ့ရာတွင် ဒေါ်လာနှစ်ဘီလီယံကျော်ရှိ လိုင်စင် ၇,၄၃၃ စောင်ထုတ်ပေးနိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၁၇ ရက်တွင်ထုတ်ပြန်သည်။ ဧပြီ ၁ ရက်ကစ၍ ပို့ကုန်သွင်းကုန်လိုင်စင်စနစ်ရှိ ကုန်ပစ္စည်း အမည် ၇၀၀ ကျော်အတွက် အွန်လိုင်းမှလျှောက်ထား ခြင်း၊ ထုတ်ယူခြင်း၊ ငွေပေးချေခြင်းအပါအဝင်ထောက်ခံချက် စစ်ဆေးခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ ဇွန်လပထမပတ်အထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကျော်ရှိ ကုန်ပစ္စည်း များ တင်သွင်းတင်ပို့ခြင်း ခွင့်ပြုခဲ့သည်။ ထို့အပြင် ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီများ၏ မှတ်ပုံတင်သက်တမ်းကို ဇူလိုင်လကုန်အထိ

ယာယီတိုးမြှင့်ပေးသွားမည်ဟု ကုန်သွယ်ရေးဦးစီးဌာနကဆိုသည်။

အွန်လိုင်းစနစ်ဖြင့် ကုန်သွယ်မှု လုပ်ငန်းများတိုးမြှင့်နိုင်ရန် Myanmar Payment Union (MPU) နှင့် ချိတ်ဆက် ထားသည့် ဘဏ်အားလုံးမှတစ်ဆင့် ပေးချေနိုင်သည့် (MPU eCommerce Pay) ကို မေလ ၈ ရက်က စတင်ခဲ့သည်။ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများတွင်လည်း ကုန်ပစ္စည်းများ အလိုအလျောက်ရှင်းလင်းရေးစနစ် (MACCS) က ဇွန်လလယ်ကစ၍ အချိန်တိုးမြှင့် ဆောင်ရွက်နေသည်။ ဇွန်လ ၅ ရက်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်ရငွေသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၅၀၀ ကျော် ပိုမိုရရှိခဲ့သည်။ အလားတူသွင်းကုန်ကဏ္ဍတွင်လည်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၃ ဘီလီယံရှိခဲ့ကာ ယခင်နှစ်ကထက် တစ်ဘီလီယံကျော်ပိုမိုတင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=189322

## သုံးနှစ်အတွင်းပြောင်းဈေးအမြင့်ဆုံးပြန်ရောက်လာ

ထိုင်းနိုင်ငံသို့တင်ပို့မှုများလာခြင်းနှင့် ပြည်တွင်းဝယ်လိုအားမြင့်တက်လာခြင်းတို့ကြောင့် သုံးနှစ်အတွင်း ပြောင်းဈေး မြင့်တက်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀,၀၀၀ နီးပါးဈေးဖြစ်လာသည်။ မြန်မာ့ပြောင်းများကို အဓိကဝယ်ယူသည့် တရုတ်နိုင်ငံကကန့်သတ်ပိတ်ဆို့မှုများကြောင့် မတင်ပို့နိုင်တော့ဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေခဲ့သည်မှာ နှစ်နှစ် ကျော်လာပြီဖြစ်ကာ လက်ရှိတွင် ထိုင်းနိုင်ငံမှ ဝယ်လိုအားမြင့်လာသည့်အပြင် ပြည်တွင်းသုံးစွဲမှုလည်း များလာသည့်အတွက် ဈေးတက်လာခြင်းဖြစ်သည်။

မေလဆန်းပိုင်းအထိ ပြောင်းတစ်အိတ်လျှင် ကျပ် ၂၁၀၀၀ကျော်ဖြင့် ပုံမှန်ရောင်းဝယ်နေရာမှ တဖြည်းဖြည်း ဝယ်လိုအား ကောင်းလာပြီး တစ်အိတ်လျှင် ၂၈၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်ကြားထိ ပေါက်ဈေးဖြစ်လာကြောင်း မန္တလေးမြို့ ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ "ပြောင်းကတော့ တိရစ္ဆာန်အစာအဖြစ် ထိုင်းဘက်ကို အများကြီး သွားနေတယ်။ စီပီပြောင်းစေ့ဆိုရင် ကျပ် ၃၀,၀၀၀ ထိ မြင့်တက်လာတယ်။ တောင်သူတွေ စိုက်ရတာအကျိုးမရှိတာ နှစ်နှစ် လောက်ရှိပြီ။ လှောင်လက်သမားလည်းအကျိုးမရှိဘူး။ ပြောင်းဈေးတက်တာက ၁၀၀၀ ၊ ၂၀၀၀လောက်တက်တာနဲ့ အလေးချိန် လျော့တာနဲ့မကိုက်ပါဘူး။ တစ်အိတ် ကျပ်နှစ်သောင်းဝန်းကျင်နဲ့ ဂိုဒေါင်ငှားထားရရင် စရိတ်တောင်မရဘူး။ ဒီဈေးက သုံးနှစ် အတွင်းမှာ ကျပ် ၃၀,၀၀၀ ထိဖြစ်လာတာပါ။ ဒီဈေးက တောင်သူတွေပျော်တဲ့ဈေးပါ။ တောင်သူတွေဆီထိ လိုက်ဝယ် နေကြ ပါတယ်"ဟု ၎င်းကပြောသည်။

တရုတ်နိုင်ငံသို့ ပြောင်းတရားဝင် တင်ပို့၍ မရသေးကြောင်း၊ တင်ပို့နိုင်လျှင်ပင် ဈေးကောင်းမရနိုင်ကြောင်း၊ တရုတ်တွင် ပြောင်းတစ်ပိဿာ ၄၀၀ ကျပ်ခန့်သာပေါက်ဈေးရှိကြောင်း တရုတ်သို့ ပဲ၊ ပြောင်းတင်ပို့သည့် ကုန်သည်ဦးဌေးအောင်က ပြောသည်။ ပြောင်းမှာ အစိုဓာတ်များခြင်းကြောင့် အချိန်နှင့်အမျှ အလျော့တွက်ရှိသဖြင့် ပြောင်းကုန်သည်များက သုံးတင်းဝင် တစ်အိတ်ဈေးဖြင့် အရောင်းအဝယ်မလုပ်တော့ဘဲ ပိဿာချိန်ဈေးဖြင့်သာ ရောင်းဝယ်ကြကြောင်း၊ ကုန်စည်ပို့ဆောင်မှု တန်ဆာခများကိုလည်း ပိဿာဖြင့် တွက်ချက်ယူကြကြောင်း ပဲ၊ ပြောင်းကုန်သည်များထံမှသိရသည်။

ပြောင်းဈေးတက်လာသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ပြီး တောင်သူများထံတွင် ပြောင်းအနည်းငယ်သာရှိတော့ကြောင်း၊ မန္တလေးမှပွဲရုံများက ပြောင်းများလိုက်လံဝယ်ယူနေကြောင်း၊ ပွဲရုံများက တောင်သူများကို ငွေလက်ငင်းမချေနိုင်သဖြင့် လက်ငင်းချေသည့် ပွဲစားများထံ ရောင်းချမှုများကြောင်း ရွှေကူမြို့မှ ပြောင်းပွဲစား ကိုကျော်နိုင်ဝင်းကပြောသည်။ ဇွန်လဆန်း ပိုင်းမှစတင်ကာ ပြောင်းဈေးကွက်အပြင် အိန္ဒိယအဝယ်ရှိသည့် ပဲမျိုးစုံနှင့် ပဲစင်းငုံဈေးကွက် အနည်းငယ်လှုပ်ရှားလာကြောင်း၊ လက်ရှိတွင် ပဲဈေးသိသိသာသာမကောင်းသေးသော်လည်း ယခုနှစ်အိန္ဒိယ၏ ပဲလိုအပ်ချက်မြင့်မားနိုင်ကြောင်း မန္တလေး ပဲကုန်သည်များက သုံးသပ်ထားသည်။

**Sources: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

# COVID-19 အလွန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်စီးဝင်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်ဖြစ်သည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ သတ်မှတ်ကာလအတွင်း ပြည့်မီနိုင်ကြောင်း MIC ဥက္ကဋ္ဌ ပြောကြား




COVID-19 အလွန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်စီးဝင်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်ဖြစ်သည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ သတ်မှတ်ကာလအတွင်းပြည့်မီနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် MIC ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် ဒေါ်လာ ၄ ဒသမ ၁၅ ဘီလျံ ခွင့်ပြုခဲ့ပြီး ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် မေအထိ ရှစ်လတာကာလအတွင်း ဒေါ်လာ ၄ ဒသမ ၀၉ ဘီလျံ ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ COVID-19 အလွန်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်စီးဝင်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်ဖြစ်သည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ သတ်မှတ်ကာလအတွင်း ပြည့်မီနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းကဆိုသည်။

မြန်မာ့စီးပွားရေး ဦးမော့လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ဝင်ရောက်လာရန် အရေးကြီးသဖြင့် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းက ဇွန် ၁၆ ရက်က ပြောကြားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးဆိုင်ရာများ နှင့်စပ်လျဉ်း၍ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ CERP နှင့် Economic Recovery Plan ရေးဆွဲသူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌဦးဇော်မင်းဝင်းတို့၏ အပြန်အလှန် ဆွေးနွေးခြင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဦးမော့လာစေဖို့ဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပိုမိုဝင်ရောက်စေဖို့ အရေးကြီးပါတယ်။ ဒီလိုဝင်ရောက်ဖို့လည်း တာဝန်ယူမှုရှိပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိပါတယ်။ ဥပမာ အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်တဲ့ စက်မှုဇုန်တွေတည်ထောင်ဖို့ အဆိုပြုလာတဲ့ ထိုင်းနိုင်ငံ နဲ့ ကိုရီးယားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။ စင်ကာပူနိုင်ငံက လုပ်ငန်းဆောင်ရွက်ဖို့ ကမ်းလှမ်းလာတာလည်းရှိပါတယ်။ ဒါတွေကိုလည်း MIC အနေနဲ့ စိစစ်ပြီးတော့ ခွင့်ပြုသွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုပမာဏ ဒေါ်လာသန်း ၄၅၂၀ ကျော်ရှိသော်လည်း နိုင်ငံပေါင်း ၂၈ နိုင်ငံမှ အမှန်စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၇၆၆ သန်းကျော်ရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ)လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာအကျဉ်းချုပ်တွင် ဖော်ပြထားသည်။ အစိုးရသစ်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်ရှိပြီး ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဝန်ဆောင်မှုကဏ္ဍများ၌ အများဆုံးခွင့်ပြုပေးထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC က ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄၇၃ ဒသမ ၂၈၅ သန်း အပါအဝင် ကျပ်

၁၆၉၁ ဒသမ ၃၃၂ ဘီလျံအား လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပေးထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအကျဉ်းချုပ်တွင် ဖော်ပြထားသည်။ ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်းအသစ် ၁၆၉ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၈၁ ဒသမ ၆၃၈ သန်း အပါအဝင် ကျပ် ၁၄၃၄ ဒသမ ၈၇၃ ဘီလျံဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပြီး ဆောင်ရွက်ဆဲ လုပ်ငန်း ၂၅ ခုအား ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၉၁ ဒသမ ၆၄၇ သန်းအပါအဝင် ကျပ်၂၅၆ဒသမ ၄၅၉ ဘီလျံထပ်မံတိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၄၇၃ ဒသမ ၂၈၅ သန်းအပါအဝင် ကျပ် ၁၆၉၁ ဒသမ ၃၃၂ ဘီလျံ အထိကို လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/178860

## ကိုဗစ်-၁၉ ကြောင့် ခရီးသွားဝင်ရောက်မှု ၅၅ ရာခိုင်နှုန်းကျဆင်း

ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအခြေအနေထိခိုက်မှုများရှိနေပြီး ယမန်နှစ် (၂၀၁၉ ခုနှစ်)ရဲ့ ပထမ ငါးလနှင့်နှိုင်းယှဉ်ပါက ခရီးသွားဝင်ရောက်မှု ၅၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်ကပြောသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ နိုင်ငံတော်အစိုးရ၏ စတုတ္ထ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုလုပ်ငန်းစဉ်များရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ “ပထမအဆင့်ဧည့်သည်ဝင်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်မှာဆိုရင်တော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပေးပို့တဲ့ စာရင်းတွေအရ ပြီးခဲ့တဲ့ကာလတူ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကနေ မေလထိဝင်ရောက်ခဲ့တဲ့ ဧည့်သည်ရယ် ၂၀၂၀ခုနှစ် ဇန်နဝါရီလကနေ မေလထိ ဝင်ရောက်ခဲ့တဲ့ဧည့်သည်တွေဟာဆိုရင် စုစုပေါင်း ၅၅ ရာခိုင်နှုန်းလျော့နည်းကျဆင်းသွားခဲ့ပါတယ်” ဟု ၎င်းကဆိုသည်။

ခရီးသွားဝင်ရောက်မှု လျော့နည်းသွားခြင်းကြောင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများမှ ဝင်ငွေရရှိမှုမှာလည်း ကျဆင်းသွားကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်ကပြောသည်။ “ဝင်ငွေရရှိမှုမှာဆိုရင်လည်း ကျွန်တော်တို့ဌာနက တွက်ချက်ထားတဲ့စာရင်းတွေအရဆိုရင် နိုင်ငံတကာလေကြောင်းလိုင်းကရရှိတဲ့ ဝင်ငွေတွေရှိပါတယ်။ ပြည်တွင်းသယ်ယူပို့ဆောင်ရေး၊ အစားအသောက်အဖျော်ယမကာက ရရှိတဲ့ဝင်ငွေတွေရှိပါတယ်။ တည်းခိုနေထိုင်ခြင်းက ရရှိတဲ့ဝင်ငွေတွေရှိပါတယ်။ ဖျော်ဖြေရေးလုပ်ငန်း ဈေးဝယ်ထွက်တဲ့ Shopping Center တွေကနေ လက်ဆောင်ဝင်ယူတာကနေ ရတာရှိပါတယ်။ နောက် အခြားဝင်ငွေရရှိမှုတွေရှိပါတယ်။ ဝင်ငွေတွေကိုနှိုင်းယှဉ်တဲ့အခါမှာလည်း ၅၃ ရာခိုင်နှုန်းလောက်ကျဆင်းသွားတဲ့ အနေအထား ရှိပါတယ်"ဟု ဦးအောင်အေးဟန်ကဆိုသည်။ ထို့အပြင် ဝန်ထမ်းအင်အားလျော့နည်းသွားမှု ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ဟိုတယ်၊ ခရီးသွားဧည့်ရိပ်သာများနှင့် ချိတ်ဆက်လုပ်ကိုင်နေသောခရီးသွားကုမ္ပဏီများသည် ၄၅ ရာခိုင်နှုန်းခန့်ရပ်နားထားရကြောင်း သတင်းစားရှင်းလင်းပွဲမှသိရသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2775440152567921?__tn__=K-R

## ရွှေဟင်္သာသရက် မူဆယ်နယ်စပ်မှတစ်ဆင့် ရုရှားသို့စပို့

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ရွှေဟင်္သာသရက်များကို ရုရှားသို့စတင်ပို့လျက်ရှိကြောင်း ခွာညိုသစ်သီးပွဲရုံထံမှသိရသည်။ "မြန်မာရွှေဟင်္သာသရက်တွေကတော့ ရုရှားအထိ စတင်ပို့နေပါပြီ။ ပြန်လည်ထုပ်ပိုးမှုနဲ့တင်ပို့တာပါ။ လမ်းကြောင်းတစ်ခုအတွက် ခြေလှမ်းသစ်ပေါ့။ ရုရှားအဝယ်နဲ့တရုတ်အထဲက အဝေးတင်ဝယ်လက်တွေရဲ့ ဝယ်လိုအားကြောင့်ပါ” ဟုသစ်သီးကုန်သည်တစ်ဦးက ပြောကြားသည်။

သရက်သီးဈေးကွက်အနေနှင့် ရှမ်းပြည်စိန်တလုံးဈေးကွက်မှာလည်း အရည်အသွေးအပေါ်မူတည်၍ ဈေးရရှိသော်လည်း တရုတ်၊ တုန်ကွမ်ဒေသတွင် မိုးကြီးရေကြီးခြင်း၊ ဘေဂျင်းတွင် Covid-19 ပိုးတွေ့လူနာအသစ် ပြန်တွေ့ခြင်းကြောင့် သရက်သီးအရောင်းအဝယ်မှာ အနည်းငယ်ပြန်အေးသွားကြောင်း သစ်သီးပွဲရုံများထံမှသိရသည်။ "မိုးကြီးရေကြီးတာနဲ့ ပိုးတွေ့လူနာအသစ် ပြန်ပေါ်ခြင်းတို့ရဲ့ ရိုက်ခတ်မှုကြောင့် သရက်သီးဈေး အနည်းငယ်ပြန်အေးသွားပါတယ်။

ဝယ်လိုအားတချို့လျော့သွားတာပါ။ အဆိုးကြီးတော့ မဟုတ်ပါဘူး” ဟု သရက်သီးကုန်သည်တစ်ဦးက ပြောကြားသည်။

ရွှေဟင်္သာသရက်အိတ်စွပ်ဈေးနှုန်းများမှာ တရုတ်ငွေယွမ် ၈၀ မှ ၁၁၀၊ ပုံမှန်အရည်အသွေးများမှာ ယွမ် ၅၀ မှ ၇၀၊ စိန်တလုံးသရက်အိတ်စွပ်ဈေးနှုန်းမှာ ယွမ် ၇၀ မှ ၁၀၅ ယွမ်၊ အလွတ်ဈေးနှုန်းများမှာ ယွမ် ၅၀ မှ ၆၀၊ ရင်ကွဲအိတ်ဈေးနှုန်းများမှာ ယွမ် ၃၀ မှ ၄၅ ယွမ်ပေါက်ဈေးရှိကြောင်း ယင်းပွဲရုံများထံမှ သိရသည်။

**Source: The Voice**

https://news.ydnp.net/351753/

## COVID-19 ရောဂါကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများ ဦးမော့လာရေးအတွက် ထပ်မံထုတ်ချေးမည့် ချေးငွေအစီအစဉ် ကျပ်ဘီလျံ ၂၀၀ မှ ၅၀၀ အထိ ထုတ်ချေးမည့်အစီအစဉ် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း UMFCCI ဥက္ကဋ္ဌပြောကြား



COVID-19 ရောဂါကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများ ဦးမော့လာရေးအတွက် ထပ်မံထုတ်ချေးမည့် ချေးငွေအစီအစဉ် ကျပ်ဘီလျံ ၂၀၀ မှ ၅၀၀ အထိ ထုတ်ချေးမည့်အစီအစဉ် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောကြားသည်။ “စီးပွားရေးထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် ကျပ်ဘီလျံ ၂၀၀ မှ ၅၀၀ အထိ ထပ်မံထုတ်ချေးမည့်အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးပြန်လည်ဦးမော့ရေးကို အထောက်အကူပြုစေမှာဖြစ်ပါတယ်” ဟု UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောကြားသည်။

ဇွန် ၁၆ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကြောင့် ဖြစ်ပေါ်လာမည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း (စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ)၊ ဒုတိယဝန်ကြီး ဦးဆက်အောင် CERP နှင့် Economic Recovery Plan ရေးဆွဲသူ)၊ ဦးဇော်မင်းဝင်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCCI) တို့နှင့် အပြန်အလှန်ဆွေးနွေးခြင်းအစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မှုတွင် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခုကဲ့သို့တင်ပြခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဓိကနိုင်ငံအတွက် လိုအပ်နေသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပိုမိုသုံးစွဲခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဦးဇော်မင်းဝင်းကတင်ပြခဲ့သည်။ “ဦးဇော်မင်းဝင်းကနေပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဘက်က အစိုးရက ပိုသုံးပါလို့ ပြောလိုက်တဲ့အခါကျတော့ စီမံဘဏ္ဍာဘက်ကလည်း နည်းနည်းစဉ်းစားရပါတယ်။ အစိုးရက ပိုပြီးသုံးပါဆိုတာကလည်း စီမံဘဏ္ဍာရဲ့တာဝန်က အဝင်နဲ့အထွက်မျှတဖို့အရေးကြီးတယ်။ သုံးသုံးပြီးတော့ အကြွေးတွေတင်နေရင် ဘယ်လိုလုပ်မလဲ။ ဒါကတာဝန်မဲ့တာပေါ့။ စီမံဘဏ္ဍာဝန်ကြီးက ကပ်စေးနဲတာဖြစ်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စီမံဘဏ္ဍာဝန်ကြီးဌာနကနေပြီးတော့ အသုံးနဲ့ပတ်သက်ရင် သတိထားလို့အခုချိန်မှာ တကယ်သုံးဖို့လိုတဲ့အချိန်မှာ သုံးနိုင်တဲ့အခြေအနေရှိတယ်။ ကျွန်မတို့နိုင်ငံက ချမ်းသာတဲ့နိုင်ငံမဟုတ်ဘူး။ ဒါပေမဲ့တချို့ကျွန်မတို့ထက် အများကြီးချမ်းသာတဲ့နိုင်ငံတွေနဲ့နှိုင်းယှဉ်ရင်တောင် COVID-19 ကာလမှာ ပြည်သူအတွက် လုပ်ပေးနိုင်ခဲ့တာ အများကြီးရှိတယ်” ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။

COVID-19 ကြောင့် စီးပွားရေးထိ ခိုက်မှုအများဆုံးခံစားရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ SME ကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ကနဦးမတည်ရန်ပုံငွေ ကျပ်ဘီလျံ ၁၀၀ မှ ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေ Revolving Fund မှ ကျပ်ဘီလျံ ၅၀ နှင့် လူမှုဖူလုံရေးရန်ပုံငွေမှ

ကျပ်ဘီလျံ ၅၀ စုစုပေါင်း ကျပ်ဘီလျံ ၁၀၀ ကို ကနဦးမတည်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ COVID-19 Fund ထူထောင်ထားကြောင်းသိရသည်။

လက်ရှိတွင် COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် CMP လုပ်ငန်းများစသည်ဖြင့် လုပ်ငန်းပေါင်း ၃၀၀၀ ကျော်ကို ချေးငွေကျပ် ၈၆ ဘီလျံကျော် ထုတ်ချေးထားပြီဖြစ်ကြောင်း စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။ COVID-19 ကြောင့် ထိခိုက်ခဲ့သည့် မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရန် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေဒေါ်လာ ၁ ဒသမ ၂၅ ဘီလျံရရှိထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

**Source:** https://news-eleven.com/article/178863

## ဝဥသီးနှံ တိုးချဲ့ထုတ်လုပ်နိုင်ရန် ပံ့ပိုးကူညီမှုများလိုအပ်နေ



လူသုံးကုန်၊ စားသောက်ကုန်များ ထုတ်လုပ်နိုင်ပြီး ဈေးကွက်ဝယ်လိုအားများသည့် ဝဥသီးနှံကို တိုးချဲ့ထုတ်လုပ်နိုင်ရန် ပံ့ပိုးကူညီမှုများလိုအပ်နေကြောင်း တောင်သူများထံမှသိရသည်။ ဝဥစတင်စိုက်ပျိုးရာမှာ အဓိကကျတာကတော့ စိုက်ပျိုးစရိတ်နဲ့ အလုပ်သမားခတွေပါပဲ။ ကျွန်တော်တို့ချင်းပြည်နယ်မှာ ဝဥသီးနှံကို ကိုယ်ထူကိုယ်ထစနစ်နဲ့ စိုက်ပျိုးနေရတဲ့အတွက် ကိုယ်လုပ်နိုင်တဲ့အတိုင်းအတာတစ်ခုအထိပဲ လုပ်နိုင်ပါသေးတယ်။ တိုးချဲ့စိုက်ပျိုးဖို့အတွက်တော့ အခက်အခဲတွေ ရှိနေပါတယ်ဟု ချင်းပြည်တောင်ပိုင်း၊ ကန်ပက်လက်မြို့မှ စီးပွားဖြစ် ဝဥစိုက်ပျိုးသူ ဦးကီးထန်း က ပြောသည်။ ချင်းပြည်နယ်မှထွက်ရှိသည့် ဝဥကုန်ကြမ်း၊ ကုန်ချောများကို မန္တလေးပွဲရုံဈေးကွက်နှင့် ဝဥစက်ရုံများသို့ အများဆုံးတင်ပို့ရောင်းချကြောင်းသိရသည်။

လက်ရှိအခြေအနေမှာ ဝဥက ဈေးကွက်ဝယ်လိုအားများနေပါတယ်။ ဒါပေမယ့်လည်း စိုက်ဧကတွေတိုးလာဖို့နဲ့ အရည်အသွေးပြည့်မီတဲ့ဝဥတွေ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ဆိုရင် တောင်သူတော်တော်များများအတွက်တော့ မ,တည်ရင်းနှီးငွေ (စိုက်ပျိုးစရိတ်) နဲ့ နိုင်ငံတော်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမှုတွေ အများကြီးလိုအပ်နေပါသေးတယ်ဟု ဦးကီးထန်း က ဆက်လက်ပြောသည်။ လက်ရှိဈေးကွက်တွင် ဝဥပေါက်ဈေး ဝဥအစို တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၂၂၀၀ ကျပ် ဝန်းကျင်၊ ဝဥခြောက် တစ်ပိဿာလျှင် ၁၁၅၀၀ ကျပ် မှ ၁၂၀၀၀ ကျပ်အထိ ဈေးနှုန်း အသီးသီးရှိနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/need_to_provide_to_extend_foot_yam_production

https://www.facebook.com/TheMirrorDaily/

## COVID 19 ကာလတွင် ခေတ်မီ စိုက်ပျိုးရေးစနစ်ဖြင့် လုပ်ဆောင်သင့်ဟုဆို

COVID 19 အလွန်နှင့် ယခုကာလတွင် နိုင်ငံ့စီးပွားရေး အခွင့်အလမ်းအနေဖြင့် ခေတ်မီစိုက်ပျိုးရေး စနစ်ဖြင့် တိုးတက်စေရန် လုပ်ဆောင်သင့်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ ဇွန်လ ၁၆ ရက်ကပြုလုပ်သော COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးဆိုင်ရာနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ဆွေးနွေးပွဲ၌ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းက "ကိုဗစ် အလွန်ကာလမှာ စီးပွားရေးအခွင့်အလမ်း တင်ပြချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စားနပ်ရိက္ခာဖူလုံတဲ့နိုင်ငံဖြစ်ပါတယ်။ ပြည်ပလည်း တင်ပို့ရောင်းချနိုင်မယ့် အခြေအနေရှိတယ်။ ဒါကြောင့်ရှိပြီးသားအခွင့်အလမ်းတွေကို အကျိုးရှိ

အောင် အသုံးချပြီးတော့ ခေတ်မီစိုက်ပျိုးရေးစနစ်နဲ့ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။

အမျိုးသားစီးပွားရေး စနစ်ထူထောင်ရာတွင် ကဏ္ဍစုံဘက်စုံကနေ တိုးတက်အောင်လုပ်ဆောင်ရန် အရေးကြီးသည့်အပြင် ယခုလို ကပ်ရောဂါကြုံတွေ့နေရသည့်အခြေအနေတွင် နိုင်ငံ့ရိက္ခာဖူလုံရေးအပြင်၊ ပို့ကုန်အဖြစ်တင်ပို့နိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်ဟု အတိုင်ပင်ခံထံသို့ ပြည်ထောင်စုဝန်ကြီးကတင်ပြခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက “မြန်မာနိုင်ငံက စိုက်ပျိုးရေးနိုင်ငံတခုဖြစ်တဲ့အနေနဲ့ ကိုဗစ်အလွန်ကာလမှာ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ အခွင့်အလမ်းတွေလည်းအများကြီးရှိတယ်” ဟု ထောက်ပြပြောဆိုသည်။ ထို့ပြင် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်ရေးက အရေးကြီးသည့်အတွက် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းဆိုသည်။

အဓိကအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖြည့်ဆည်းပေးနိုင်သော ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များ တည်ထောင်ရန် အဆိုပြုထားသော ထိုင်းနိုင်ငံက Yangon Amata Smart & Eco City ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံက KMIC Development ကုမ္ပဏီတို့ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) က ခွင့်ပြုပေးခဲ့ပြီး စင်ကာပူနိုင်ငံကလည်း ကမ်းလှမ်းမှုများရှိနေသည်ဟုသိရသည်။ နိုင်ငံတကာ၌ ကိုဗစ်ကြောင့် အလုပ်လက်မဲ့ဖြစ်သည့်ပြဿနာမှာ အကြီးမားဆုံး ပြဿနာတခုဖြစ်နေပြီး ယင်းဆိုးကျိုးကိုလျော့နည်းစေရန် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ခွင့်ပြုပေးနေပြီး လက်ရှိဘဏ္ဍာနှစ် မေလအထိ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁ သိန်း ၆ သောင်းကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း ဝန်ကြီးကဆိုသည်။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က “ဒီနှစ်အတွက် စီးပွားရေး မျှော်မှန်းချက်တွေက အခုထိတော့ သိသိသာသာ ထိခိုက်မှုမရှိသေးဘူး။ ဒါပေမယ့် ကျမတို့ရဲ့ ပြည်သူတွေ အလုပ်လက်မဲ့ ဖြစ်သွားတာတွေရှိတယ်။ ကိုဗစ်က အရေးပေါ်ကိစ္စဖြစ်တယ်။ ဒါကြောင့် ကိုင်တွယ်ရတယ်၊ ချည်းကပ်ရတယ်၊ ရေရှည်လည်း ကြည့်ရတယ်”ဟု ပြောကြားသည်။ ထို့ကြောင့် ချက်ချင်းလက်ငင်း ဖြစ်ပေါ်နေသည့် ကိစ္စရပ်များသာမက နောင်လာမည့် အကျိုးဆက်အတွက်လည်း ပြင်ဆင်ဆောင်ရွက်သင့်ကြောင်းနှင့် စီးပွားရေး ပြန်လည်နလန်ထူရေးကလည်း အရေးကြီးကြောင်း ၎င်းကပြောကြားသွားသည်။

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက “စီးပွားရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ပြန်လည်လည်ပတ်နိုင်ဖို့ ဦးစားပေးကဏ္ဍတွေ ရွေးချယ်သတ်မှတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အဓိကအခက်အခဲဖြစ်နေတဲ့ မြေယာအသုံးချခွင့်များကို ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ပေးခြင်းမျိုးဖြစ်ပါတယ်” ဟုပြောသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ လုပ်သားအခြေပြု ကုန်ထုတ် လုပ်ငန်းများစသဖြင့် အမြန်ဆုံးပြန်လည်ဦးမော့လာနိုင်မည့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍများအဖြစ်သတ်မှတ်၍ ပံ့ပိုးပေးရန်လိုအပ်သကဲ့သို့ အသေးစားနှင့် အလတ်စား (MSME) လုပ်ငန်းများကိုလည်း ချက်ခြင်း အကျိုးသက်ရောက်မှု ရှိစေမည့် မူဝါဒများ ချမှတ်ပြီး ပံ့ပိုးမှုများပေးရန်လိုအပ်ကြောင်း ၎င်းကထောက်ပြပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က “ခေတ်မီတဲ့ စိုက်ပျိုးရေးစနစ်ထက် ကျနော်တို့ပြောချင်တာက ရာသီဥတုတွေ ဖောက်ပြန်၊ ပြောင်းလဲပါစေ ဒါကိုကာကွယ်ပေးနိုင်တဲ့ လယ်ယာမြေပြင်ဆင်မှုတွေ လိုအပ်တယ်။ အရေးကြီးဆုံးက အချိန်နဲ့တပြေးညီလုပ်နိုင်ကိုင်နိုင်ဖို့က တောင်သူတွေမှာငွေရင်းငွေလုံး လုံလုံလောက်လောက်ရဖို့လိုတယ်” ဟု ရေဝတီကိုပြောသည်။ တောင်သူများကိုလည်း အခြားအကြီးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကဲ့သို့ ဘဏ်အတိုးနှုန်းနှင့် ၃ နှစ်၊ ၅ နှစ်ဆိုင်းငံ့ပြီး ချေးငွေများ ထုတ်ချေးပေးမှုများ လုပ်ဆောင်ပေးနိုင်လျှင် သီးနှံအထွက်တိုးခြင်းနှင့် အရည်အသွေ ကောင်းမွန်မှ က သေချာနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ “လက်ရှိ တောင်သူတွေက မွဲပြာကျ၊ ဘယ်မှာမှ ချေးမရ၊ ပါးစပ်ကအော်နေတာတော့ ဟိုနားက စံပြကွက် ဧက ၅၀ ၊ ဒီနား မှာ ဧက ၁၀၀ စံပြကွက် လုပ်ပြရုံနဲ့ မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍနဲ့ လယ်သမားဘဝက ဖွံ့ဖြိုးဖို့ ခဲရင်းပါတယ်” ဟု ၎င်းကထောက်ပြသည်။

COVID-19 ၏ ထိခိုက်မှုဒဏ်ကို မြန်မာနိုင်ငံအနေဖြင့် လတ်တလောတွင်ဆိုးဆိုးရွားရွား ထိခိုက်မှုမခံစားရသေးသော် လည်း စီးပွားရေးလုပ်ငန်းအများစု ပိတ်ထားရသည့်အတွက် စီးပွားရေးနှင့်ပတ်သက်သည့် ထိခိုက်မှုအထိုက်အလျောက်ရှိလာကြောင်း၊

လာမည့် တတိယလေးလပတ်နှင့် စတုတ္ထလေးလပတ်တို့တွင် ထိခိုက်မှုပိုမိုရှိလာနိုင်ကြောင်း စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုဝန်ကြီးဦးဆက်အောင်ကဆိုသည်။ ယင်းအချက်များကြောင့် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP)ကို အမြန်ဆုံးရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ယင်းစီမံချက်တွင်ပါသည့် အသေးစိတ်ကျသည့် အိမ်ထောင်စုများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများစသည့်အုပ်စုများကို တိုက်ရိုက်အကျိုးဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ထားကြောင်း ပြောကြားသွားသည်။

**Source:** https://burma.irrawaddy.com/news/2020/06/17/224804.html

## အိန္ဒိယနိုင်ငံ၌ အရည်အသွေးနိမ့် ဈေးနှုန်းချိုသာသည့် ကုန်စည်များအား တင်သွင်းခြင်းမပြုရန် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းမည်

အိန္ဒိယနိုင်ငံမြောက်ပိုင်း Ladakh ဒေသနှင့် တရုတ်နိုင်ငံတို့ နယ်နိမိတ်ထိစပ်နေသော Galwan တောင်ကြားဒေသရှိ ထိန်းချုပ်မှုကြားခံနယ်မြေ (Line of Actual Control) တွင် နှစ်နိုင်ငံ တပ်ဖွဲ့များ ထိပ်တိုက်ရင်ဆိုင်လျက်ရှိရာမှ ၁၅.၆.၂၀၂၀ နေ့၌ ထိတွေ့ ခိုက်ရန် ဖြစ်ပွားခဲ့ရာ အိန္ဒိယနိုင်ငံဘက်မှ စစ်သည် ၂၀ ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်အများအပြား ဒဏ်ရာ ရရှိခဲ့မှုကြောင့် ပြည်တွင်းလူမှုကွန်ယက်မီဒီယာများ၌ တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများအား သုံးစွဲခြင်းမပြုရန် လှုံ့ဆော်မှုများဖြစ်ပေါ်နေချိန်၌ အိန္ဒိယအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ ထုတ်လုပ်သော ဈေးနှုန်းချိုသာပြီး အရည်အသွေးနိမ့်ကျသည့် ကုန်ပစ္စည်းများ တင်သွင်းမှုမရှိစေရန်အတွက် လုပ်ထုံးလုပ်နည်းများကို မကြာမီထုတ်ပြန်ပြဋ္ဌာန်းမည် ဖြစ်ကြောင်း အိန္ဒိယစားသုံးသူရေးရာ၊ အစားအစာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီး Mr. Ram Vilas Paswan က Economic Times သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဝန်ကြီး Mr. Paswan က အိန္ဒိယစံချိန်စံညွှန်းများဗျူရို (BIS) ကို အားကောင်းခိုင်မာစွာ တည်ထောင်ထားပြီးဖြစ်ရာ လက်ရှိကာလ၌ ကုန်စည်အမျိုးအမည် ၂၅၀၀၀ ကျော်၏ အိန္ဒိယနိုင်ငံ အမျိုးသားအဆင့် စံချိန်စံညွှန်းများအား ပြုစုထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ စံချိန်စံညွှန်း ဥပဒေ အသစ်ကိုလည်း ပြဋ္ဌာန်းထားပြီး ၎င်းဥပဒေအရ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များကို ရေးဆွဲပြုစုမှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းများအား တင်ပို့ရာတွင် ပြည်ပ၌ တင်းကျပ်စွာ စစ်ဆေးခံရသော်လည်း ပြည်ပနိုင်ငံများမှ ကုန်စည်များမှာမူ အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးကြပ်မတ်မှုမရှိပဲ အိန္ဒိယသို့ တင်သွင်းခွင့်ရလျက်ရှိကြောင်း၊ သို့ဖြစ်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များ ထုတ်ပြန်ပြီးစီးပါက အရည်အသွေးစံမမီသည့် ထုတ်ကုန်များအား ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်မှု မရှိအောင် တားဆီး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေ၌ တရုတ်နိုင်ငံနှင့် နယ်စပ်ပြဿနာကိစ္စရပ် သည် ပေါ့ဆစွာ ကိုင်တွယ်၍မရကြောင်း၊ တစ်ဖက်တွင် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နေချိန်၌ အိန္ဒိယနိုင်ငံသားများအနေဖြင့် တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲမှု မပြုပဲ သပိတ်မှောက်ခြင်းဖြင့် တုန့်ပြန် နိုင်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းများအောက်တွင် အရည်အသွေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များဖြင့် သွင်းကုန်များအား တားမြစ်ပိတ်ပင်နိုင်မှု ရှိ/မရှိကို ၎င်းအနေဖြင့် ပြောကြားနိုင်ခြင်းမရှိသော်လည်း ပြည်သူလူထု၏ နိုးကြားသိမြင်မှုရှိပါက မည်သူကမျှ ၎င်းတို့၏ထုတ်ကုန်များကို ဝယ်ယူတင်သွင်းရန် တွန်းအားပေး၍ရမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာ၌ ပိုမိုကျယ်ပြန့်သည့် မဟာဗျူဟာဖြင့်လုပ်ဆောင်နိုင်ရန်မှာ ဘဏ္ဍာရေးနှင့်ကူးသန်း ရောင်းဝယ်ရေး တို့ကဲ့သို့သော ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း၊ ၎င်း၏ဌာနအနေဖြင့်မူ တရုတ်နိုင်ငံမှ ထုတ်လုပ်သော စံမမီသည့် ကုန်စည်များအား ဝယ်ယူတင်သွင်းခြင်းကို လိုလားမှုမရှိကြောင်း စသည်ဖြင့် ပြောဆို ပါသည်။

နှစ်နိုင်ငံနယ်စပ်ပြဿနာဖြစ်ပွားမှုအပေါ် အိန္ဒိယကုန်သည်များကွန်ဖက်ဒရေးရှင်း (CAIT) က ပြည်တွင်း ထုတ်ကုန်စည်များဖြင့် အစားထိုးသုံးစွဲနိုင်သည့် တရုတ်နိုင်ငံမှထုတ်လုပ်သော ကုန်ပစ္စည်း ၃၀၀၀ ကျော်၏ အမျိုးအမည်စာရင်းအား ၁၇.၆.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၎င်းကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲခြင်းမပြုပဲ သပိတ်မှောက်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိသည်။ သို့ရာတွင် အိန္ဒိယပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများစွာသည် တရုတ်နိုင်ငံမှ တင်သွင်းလာသည့်ကုန်ကြမ်းများ အပေါ် မှီခိုနေရဆဲဖြစ်ပါသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံထုတ်ကုန်များအား သပိတ်မှောက်ပါက ၎င်းကုန်စည်များအပေါ် အမှီပြုနေရသည့် ပြည်တွင်းရှိ လုပ်ငန်းငယ်များအပေါ် သက်ရောက်နိုင်မှုနှင့်ပတ်သက်၍ Economic Times သတင်းဌာန၏မေးမြန်းချက်အပေါ် Mr. Paswan က ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၏ အရေးကိစ္စထက် နိုင်ငံ၏အရေးကိစ္စကို ဦးစားပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်း လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုနှင့်ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှုရှိအောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ဝန်ကြီးချုပ်၏ Atmanirbhar Bharat ခေါ် ကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်ရေး ရည်မှန်းချက်နှင့် အိန္ဒိယတွင်ထုတ်လုပ်ရေး (Make in India) တွန်းအားပေး လမ်းညွှန်ချက်တို့နှင့်အညီ မလိုအပ်သော သွင်းကုန်များအား လျော့ချရမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: 1. Rules soon to block cheap imports from China, others: Ram Vilas Paswan, 18 Jun 2020, Economic Times**

**2. India-China border row: Traders' body CAIT releases list of 500 Chinese items to be boycotted, 17Jun 2020, Business Today**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (18.6.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Jun. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 2,285 | 24,943,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 1,532 | 5,821,600 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 1 | 8,100 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,000 | 23,000 | 398 | 9,154,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 1,029 | 2,881,900 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 52 | 140,400 | 19,977,223 | 53,939 |


### Market summary

As of 18th Jun. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.07 | +7.15 | +1.60% | 447.09 | 455.07 | 445.96 | 5,297 | 42,949,000 | 6 | 677,120 |

**Index chart**



## Market Overview

As of 1:00 pm, 18th Jun. 2020

| MYANPIX | 455.07 ▲ 7.15 |
|---|---|
| Total Volume (shares) | 5,297 |
| Total Value (MMK) | 43 mil |
| Listed Company | 6 |
| Market Cap. (MMK) | 677,120 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |

TIR